# ရခိုင်ပြည်နယ်အတွင်း လူထုဦးဆောင်သော အလုံးစုံသန်ရှင်းရေးလုပ်ငန်း အတွေ့အကြုံများမှ သင်ခန်းစာ ရယူခြင်း (၂၀၁၅-၂၀၁၆)

INTERNATIONAL RESCUE COMMITTEE

## နိဒါန်း


၂၀၁၅ - ၂၀၁၆ ခုနှစ်မှစတင်လျက် အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေး ကော်မတီ ( အိုင် အာ စီ ) သည် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း မြို့နယ် နှင့် ရသေ့တောင်မြို့နယ်များတွင် ယူနီဆက်အဖွဲ့၏ အကူအညီဖြင့် ရပ်ရွာလူထု ဦးဆောင်သည့် ရပ်ရွာလုံးကျွတ် အိမ်သာ သုံးစွဲရေး အစီအစဉ်ကို နှစ်ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်း ဆောင်ရွက်စဉ်အတွင်း တွေ့ကြုံရသော အရေးပါသည့် စိန်ခေါ်မှုများကို ဖြေရှင်းလျက် လိုအပ်သော ပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက်ပြီးနောက် အိုင်အာစီ လုပ်ငန်းအဖွဲ့သည် ရရှိပြီး အတွေ့အကြုံများကို ပြန် လည်သုံးသပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ဤစာတမ်းတွင် အဆိုပါ ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ်ပါ လုပ်ဆောင် ချက်များ၊ တွေ့ကြုံရသော သင်ခန်းစာများ အပေါ် အခြေခံလျက် ရခိုင်ပြည်နယ်၏ ရေခံမြေခံ နှင့် ကိုက်ညီမည့် ရပ်ရွာလူထု ဦးဆောင် ရပ်ရွာလုံးကျွတ် အိမ်သာ အသုံးပြုရေး အစီအစဉ်ဆိုင်ရာ အကြံ ပြုချက်များကို တင်ပြထားခြင်း ဖြစ်ပါသည်။

ပြန်လည် သုံးသပ်ရာတွင် အဖွဲ့နှင့်အတူ လုပ်ဆောင်ချက်များကို အပြည့်အဝ ပြန်လည် အစီရင်ခံ ဆွေးနွေးခြင်း နှင့် စီမံချက် ကျေးရွာများအနက် ၃-ရွာတွင် ကွင်းဆင်း သုတေသနပြုလုပ်ခြင်းလည်း ပါဝင်ပါသည်။ ကျေးရွာ ၃-ရွာကို ရွာလုံးကျွတ်အိမ်သာသုံးသည့်ကျေးရွာတစ်ရွာ၊ တစ်ဝက်ခန့် အောင်မြင်သည့် ကျေးရွာတစ်ရွာ နှင့် တိုးတက်မှုနှေးကွေးသည့် ကျေးရွာတစ်ရွာတို့အား ရွေးချယ်ခဲ့ပါသည်။

အိမ်သာအသုံးပြုခြင်းဆိုင်ရာ အတွေးအမြင်၊ အပြုအမူ တို့နှင့် ပတ်သက်၍ ကျေးရွာတိုင်းတွင် အမျိုးသား နှင့် အမျိုးသမီး ၁၅-ဦးခန့်ပါဝင်သော ကျေးရွာ ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကော်မတီဝင် များနှင့် အုပ်စုဆွေးနွေးပွဲပြုလုပ်သည့်အပြင် အမျိုးသား နှစ်ဦး နှင့် အမျိုးသမီး နှစ်ဦးစီအား သူတို့အိမ်တွင် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

## နောက်ခံအကြောင်းအရာ

ကမ္ဘာတစ်ဝှမ်းတွင် မသန့်ရှင်းသော အညစ်အကြေး စွန့်ခြင်းစနစ်သည် ကလေးငယ်များ အာဟာရ ချို့တဲ့ခြင်း နှင့် ကလေးသူငယ် သေဆုံးမှုနှုန်း မြင့်မားနေရခြင်း၏ အဓိက အကြောင်းရင်း ဖြစ်နေပါသည်။[1] အခြား အိမ်နီးချင်း နိုင်ငံများ နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ ကျေးလက်ဒေသ အိမ်သာသုံးစွဲမှုနှုန်းသည် မြင့်သော် လည်း[2] ရခိုင်ဒေသတွင် အကျုံးမဝင်ပါ၊ ရခိုင်ပြည်နယ်တွင် ကျေးလက်ဒေသ အိမ်ထောင်စု အားလုံး၏ ၇၁-ရာခိုင်နှုန်း တို့သည် မည်သည့် အိမ်သာအမျိုးအစားကိုမျှ သုံးစွဲခြင်း မရှိကြပါ။ ရသေ့တောင် နှင့် ပုဏ္ဏားကျွန်းမြို့နယ် တို့တွင် ပိုမိုဆိုးရွားပြီး ၈၃-ရာခိုင်နှုန်း သော အိမ်ထောင်စုများသည် မည်သည့် အိမ်သာမျှ မသုံးစွဲကြပါ။[3] ရခိုင်ပြည်နယ်တွင် ဝမ်းပျက်ဝမ်းလျှော ဖြစ်ပွားမှုနှုန်းသည် ၇.၆- ရာခိုင်နှုန်း ဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသားအဆင့် ပျမ်းမျှ ဖြစ်ပွားနှုန်းထက် အနည်းငယ်သာ မြင့်သော်လည်း ရသေ့တောင်မြို့နယ်တွင် မကြာမီကာလ




စစ်တမ်းအရ ၁၆-ရာခိုင်နှုန်းအထိ မြင့်တက်နေကြောင်း တွေ့ရပါသည်။ ရခိုင်ပြည်နယ် သည် အာဟာရမပြည့်ဝမှုဆိုင်ရာ အညွှန်းကိန်းများတွင်လည်း ဆိုးဝါးစွာ ကြုံတွေ့နေရပါသည်။ နိုင်ငံတွင် ကလေးသူငယ်များ ရှိသင့်သည့် ကိုယ်အလေးချိန်အောက် လျော့နည်းမှု မှာ ၃၇.၄ - ရာခိုင်နှုန်းဖြင့် အဆိုးဆုံး အခြေအနေတွင်ရပ်တည်နေပြီး ကာလရှည်အဟာရမပြည့်ဝသဖြင့် ကိုယ်ခန္ဓာ ထွားကြိုင်းမှု ရပ်တန့်မှု ( သက်ကြီးပု) ၁၀.၈ - ရာခိုင်နှုန်း ဖြစ်ကြောင်း တွေ့ရပါသည်။ ရသေ့တောင်မြို့နယ်သည် ၂၀၁၄- ခုနှစ်တွင် ကမ္ဘာ့ အထူးပြင်းထန် အာဟာရ ချို့တဲ့မှု အဆင့် ၁၀.၆ - ရာခိုင်နှုန်းဖြင့် စိုးရိမ်ရသော အဆင့်တွင် ရောက်ရှိနေပါသည်။[4]

ရခိုင်ဒေသတွင် တောထိုင်အညစ်အကြေးစွန့်မှု များပြားနေရခြင်းမှာ အကြောင်းရင်း များစွာ ပေါင်းစပ်လျက် ရှိပါသည်။ ဤပြည်နယ်သည် တိုင်းပြည်၏ အဆင်းရဲဆုံးဒေသဖြစ်သဖြင့် အိမ်ထောင်စုများသည် အိမ်သာ ဆောက်ရန်အတွက် ငွေကြေးနှင့် ပစ္စည်းအရင်းအမြစ် လုံးဝအပို မသုံးစွဲ နိုင်ကြောင်း တွေ့ရပါသည်။ ထို့အပြင် လူနေရပ်ရွာများမှာလည်း မြေနိမ့် လယ်မြေများ နှင့် ချောင်းမြောင်းများ ပတ်ချာဝိုင်းနေသဖြင့် ချောင်းမြောင်းရေ အတွင်းသို့ လွတ်လွတ်လပ်လပ် တောထိုင်အညစ်အကြေးစွန့်ရန် အခွင့် သာနေခြင်းလည်း ဖြစ်ပါသည်။ အခြားတစ်ဖက်တွင်လည်း အိမ်သာ ဆောက်လုပ်ထားပါကလည်း အိမ်သာများသည် ဒေသတွင်း မကြာမကြာ ကြုံရသည့် လေမုန်တိုင်းကြောင့် လုံးဝပျက်စီးသွားသကဲ့သို့ ရေလွှမ်းမိုသော အခါများတွင်လည်း ပျက်စီးသွားလေ့ ရှိပါသည်။[5] နေရာဒေသ အများအပြား တွင် ရေတက်လေ့ရှိသည့်အပြင် အောက်ခံမြေသားမှာ ကျောက်သားထုများ

[1] Annette Prüss-Üstün et al., "Safer Water, Better Health: Costs, benefits and sustainability of interventions to protect and promote health" (World Health Organisation: Geneva, 2008).

[2] "Second Review of Community-Led Total Sanitation in the East Asia and Pacific Region" (UNICEF: Bangkok, 2015).

[3] The 2014 Myanmar Population and Housing Census; datasets available from the Myanmar Information Management Unit: http://www.themimu.info/census-data (accessed 15 August, 2016).

[4] Rakhine data: "Myanmar Multiple Indicator Cluster Survey 2009-10" (UNICEF/Ministry of National Planning and Economic Development/Ministry of Health: Yangon, 2011). Rathedaung data: "Integrated Nutrition Survey of 6 to 59 Month Children: Rathedaung Township" (Action Contre la Faim: Yangon, 2014).

[5] "Multi-Hazard Risk Assessment in Rakhine State of Myanmar" (United Nations Development Programme: Yangon, 2012).

ရပ်ရွာလူထု ဦးဆောင်သည့် ရပ်ရွာလုံးကျွတ် အိမ်သာသုံးစွဲရေး အစီအစဉ်သည် ရပ်ရွာလူထုအား သူတို့၏ အိမ်သာသုံးစွဲရေး ဆိုင်ရာ အပြုအမူပြောင်းလဲရန် စည်းရုံးရေးကို ဦးစားပေး ပါသည်။ ဤဖြေရှင်းမှု နည်းလမ်းတွင် ကူညီ ပံ့ပိုးသူများသည် ရပ်ရွာလူထုအား သူတို့၏ အညစ် အကြေးစွန့် အခြေအနေကို သုံးသပ်ဆန်းစစ်ရန် တိုက်တွန်းပေးပါသည်။ ဤသို့ဖြင့် ရပ်ရွာလူထုသည် တောထိုင်အညစ်အကြေးစွန့်ခြင်း၏ အန္တရာယ် များကို သူတို့ကိုယ်တိုင် သိရှိနားလည်လာပြီး လူတိုင်းကို အကျိုးပြုနိုင်မည့် သန့်ရှင်း၍ ကျန်းမာရေး နှင့် ညီညွတ်သော ပတ်ဝန်းကျင်ကို မည်သို့ ဖန်တီးတည်ထောင်မည်ကို ဆုံးဖြတ်ကြ မည် ဖြစ်ပါသည်။

ရပ်ရွာလူထု ဦးဆောင်သည့် ရပ်ရွာလုံးကျွတ် အိမ်သာသုံးစွဲရေး အစီအစဉ်သည် ရပ်ရွာလူထုဦးဆောင်၍ ရပ်ရွာထူထု ပိုင်ဆိုင် သည့် အစီအစဉ် ဖြစ်ပါသည်။ ပြင်ပမှ မည်သည့် အိမ်သာ၊ ငွေကြေး နှင့် ပစ္စည်းကိုမျှ ထောက်ပံ့မပေးပါ။ လူမှုရေး စည်းလုံး ညီညွတ်မှု၊ ရပ်ရွာအတွင်းအိမ်ထောင်စုများ၏ အချင်းချင်း ပူးပေါင်း ကူညီမှု တို့သည်သာ ဤအစီအစဉ်၏ အဓိက လက္ခဏာ ဖြစ်ပါသည်။

Kamal Kar with Robert Chambers, "Handbook on Community-Led Total Sanitation" စာအုပ်မှ ကောက်နှုတ်ချက်

ဖြစ်သဖြင့် သာမန်အားဖြင့် အိမ်သာကျင်းတူရန် ခက်ခဲပါသည်။ အိမ်သာ တည်ဆောက်မှု နည်းသဖြင့် အိမ်သာတည်ဆောက်ရေး ပစ္စည်း အရောင်းဆိုင်များလည်း နည်းပါးကာ မြို့များတွင်သာ ရှိတတ်ပါသည်။

အပြုအမူ ပြောင်းလဲရေးအတွက် အဟန့်အတား အနေဖြင့် တောထိုင် အညစ်အကြေး စွန့်ခြင်းသည် အများက အစဉ်အဆက် ကျင့်သုံးလာခဲ့ကြရာ ဒေသ ဓလေ့ထုံးစံ တစ်ရပ်ကဲ့သို့ပင် ဖြစ်နေပါသည်။[6] တစ်ပြိုင်တည်းမှာပင် လူအများသည် အဆိုးဖက် အတွေးအမြင်မှားများကို စွဲစွဲလမ်းလမ်း ယူဆထားကြပါသေးသည်။ လူအများက အိမ်သာကို အဆင်မပြေ၊ ကျန်းမာရေး နှင့် မညီညွတ်ဟု ယူဆကြပါသည်။ ကျေးလက်ဒေသရှိ ကျောင်းအတော်များများတွင် ဖြစ်သလို တည်ဆောက်ထားသော စနစ်တကျ ထိန်းသိမ်းမှု မရှိသော အိမ်သာများကိုသာ မြင်ရဖန် များသဖြင့် အိမ်သာများကို လူနေဧရိယာများမှ ခပ်ဝေးဝေးတွင် တည်ဆောက်ရမည်ဟု ထင်မြင်မှတ်ယူ ထားကြပါသည်။


ထို့အပြင် ရခိုင်ဒေသတွင် အကောင်အထည်ဖေါ်နေသော လူသားချင်း အကူအညီပေးရေး လုပ်ငန်းများ၏ လုပ်ဆောင်ချက်များအရ သော်လည်းကောင်း၊ အင်တာနက် နှင့် လူမှုရေး မီဒီယာများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရာမှလည်းကောင်း၊ ရပ်ရွာလူထု အများစုတို့သည် အစိုးရမဟုတ်သောအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံချက်လုပ်ငန်းများမှ အိမ်သာဆောက်လုပ်ရေး ပစ္စည်းများကို တိုက်ရိုက်ထောက်ပံ့မှုများရရှိရန် မျှော်လင့်ချက်များ ထားရှိကြပါသည်။

ဤအခြေအနေများကြောင့် ရခိုင်ဒေသတွင် ရပ်ရွာလူထု ဦးဆောင် ရပ်ရွာလုံးကျွတ် အိမ်သာသုံးစွဲရေး ပုံမှန် နည်းလမ်းကို ကျင့်သုံးရန် အခက်အခဲ ဖြစ်နေပါသည်။ တစ်ချိန်တည်းမှာပင် အိမ်သာသုံးစွဲမှု နည်းပါးခြင်း နှင့် အာဟာရ ချို့တဲ့မှုနှုန်း မြင့်မားခြင်းတို့ကြောင့် လက်ရှိ ပြဿနာကို ဖြေရှင်းနိုင်မည့် ဆန်းသစ်ပြောင်းလဲသည့် နည်းလမ်းတစ်ရပ် အရေးတကြီး လိုအပ်နေပြီ ဖြစ်ကြောင်း ညွှန်ပြနေပါသည်။

## လုပ်ဆောင်ချက်များ

အိုင်အာစီသည် စီမံကိန်းမြို့နယ်များအတွင်း ရပ်ရွာလူထု ဦးဆောင် ရပ်ရွာလုံးကျွတ် အိမ်သာသုံးစွဲရေး အစီအစဉ်ကို နှစ်ကြိမ် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ပထမအသုတ်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ မှ ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ ၈-လကြာမြင့်ပြီး ကျေးရွာ ၁၁-ရွာရှိ အိမ်ထောင်စု ၂၀၇၉-စု အား ရည်မှန်းချက် အဖြစ် သတ်မှတ်ခဲ့ပါသည်။ ဒုတိယအသုတ်ကို ၂၀၁၅-ခုနှစ် ဒီဇင်ဘာလ မှ ၂၀၁၆-ခုနှစ် ဩဂုတ်လအထိ ဆောင်ရွက်ပြီး ကျေးရွာ ၉-ရွာ အိမ်ထောင်စု ၇၇၅-စုကို လွှမ်းခြုံခဲ့ပါသည်။ နှစ်သုတ်လုံးတွင် အိုင်အာစီအဖွဲ့များသည် အောက်ပါ နည်းလမ်းများကို သုံးလျက် စည်းရုံး လှုံ့ဆော်မှုများ လုပ်ဆောင် ခဲ့ပါသည်။

- ရပ်ရွာလူထု ပါဝင် လမ်းလျှောက်လျက် ကျေးရွာအတွင်းရှိ တောထိုင်အညစ်အကြေးစွန့်ရာနေရာများအား မြေပုံဆွဲ မှတ်တမ်းတင်ခြင်း
- စွန့်ပစ် အညစ်အကြေး ( မစင် ) ပမာဏ တွက်ချက်ခြင်း
- ဆေးဝါးကုသစရိတ်တွက်ချက်ခြင်း- ကျေးရွာလူထုက ဝမ်းပျက် ဝမ်းလျှောရောဂါ ကုသခြင်းအတွက် သုံးစွဲရသည့် ကုန်ကျစရိတ်များ ခန့်မှန်းတွက်ချက်ခြင်း
- မစင်မှအစာသို့ရောက်လာပုံကိုသရုပ်ပြသခြင်း- အညစ်အကြေး မစင်များသည် ယင်ကောင် သို့မဟုတ် တိရစ္ဆာန်များမှတဆင့် အစားအစာများထဲသို့ မည်ကဲ့သို့ ရောက်ရှိလာကြောင်းကို ပါဝင်သူများအား လက်တွေ့ မျက်မြင် ဖြစ်အောင် ပြသခြင်း။
- လုပ်ငန်းဆောင်ရွက်မှု ပွဲများကို လူကြီး နှင့် ကလေး နှစ်အုပ်စုခွဲ၍ ကျင်းပပါသည်။ ထို့နောက် ကလေးများပါဝင်သည့်အုပ်စုကို လူကြီးဆွေးနွေးပွဲတွင် အားဖြည့်ပါဝင်စေကာ လူကြီးအုပ်စုဝင်များ အား တောထိုင် အညစ်အကြေးစွန့်ခြင်းကို အောင်မြင်ကျော်လွှား နိုင်မည့် လုပ်ငန်းစီမံချက် ရေးဆွဲကြရန် တွန်းအား ဖြစ်စေပါသည်။ အိုင်အာစီဝန်ထမ်းများသည်လည်း ကျေးရွာသားများ အိမ်သာ တည်ဆောက်ရေးတွင် နည်းပညာအကြံအဉာဏ်များနှင့် လိုအပ် သလို ကူညီအားပေးတိုက်တွန်းမှုများ ပြုလုပ်နိုင်ရန် နောက်ဆက် တွဲ စဉ်ဆက်မပြတ် လမ်းညွှန်ထိန်းသိမ်းရေး လုပ်ငန်းစဉ်ဖြင့် လာရောက်ပေးကြပါသည်။




[6] "Knowledge, Attitudes and Practice Study into Water, Sanitation and Hygiene in 24 Townships of Myanmar" (UNICEF/Ministry of Health: Yangon, 2011)

ပထမအသုတ် ကျေးရွာ နှစ်ရွာ နှင့် ဒုတိယအသုတ် ကျေးရွာတစ်ရွာ၊ စုစုပေါင်း ကျေးရွာ ၃ ရွာတို့သည် ပြင်ပတွင် တောထိုင် အညစ်အကြေး စွန့်ခြင်း ကင်းမဲ့ အခြေအနေ (ODF) အဆင့် အောင်မြင်မှု ရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ အတည်ပြု သတ်မှတ်နိုင်ခဲ့ပါသည်။ တစ်နည်းဖေါ်ပြရသော် စီမံကိန်းအနေဖြင့် အောင်မြင်မှုနှုန်း ၁၅-ရာခိုင်နှုန်း ရရှိခဲ့ပြီး[7] မြန်မာပြည်တွင်းဆောင်ရွက်သည့် အလားတူ စီမံကိန်းများ၏ ပျမ်းမျှ အောင်မြင်မှုနှုန်းဖြစ်သည့် ၁၂-ရာခိုင်နှုန်း ထက် အနည်းငယ်မြင့်သော်လည်း အခြားနိုင်ငံများမှ အောင်မြင်မှု စံနှုန်းအောက် နိမ့်နေပါသေးသည်။[8] စီမံကိန်း နှစ်သုတ်လုံးတွင် အိမ်သာသုံးစွဲမှု ရာခိုင်နှုန်းသည် စီမံကိန်းအစပိုင်းတွင် ၆~ရ ရာခိုင်နှုန်းရှိရာမှ စီမံကိန်းအဆုံးတွင် အိမ်သာသုံးစွဲမှု ၂၀-ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသည်။ စီမံကိန်းကာလအတွင်း စုစုပေါင်း အိမ်ထောင်စု ၄၁၁ -စု တို့သည် အိမ်သာများ ဆောက်လုပ်သုံးစွဲခဲ့ကြပါသည်။ စီမံကိန်း၏ ပထမအသုတ်တွင် စီမံကိန်းကျေးရွာအားလုံးမှတစ်ဝက်ခန့်သည် လှုံ့ဆော် စည်းရုံးမှု အောင်မြင်ကြောင်း ( အိမ်သာ တည်ဆောက်မှု ၁၀-ရာခိုင်နှုန်းကျော်) သက်သေပြနိုင်ခဲ့ပြီး ဒုတိယအသုတ်တွင် လေးပုံသုံးပုံခန့် အောင်မြင်မှု ရရှိခဲ့ပါသည်။ ပထမအသုတ်မှ သုံးပုံတစ်ပုံသော စီမံကိန်း ကျေးရွာများတွင် စီမံကိန်းပြီးဆုံးသွားသော်လည်း အိမ်သာဆောက်လုပ် သုံးစွဲသော အိမ်ခြေ/မိသားစု အရေအတွက် ဆက်လက် တိုးတက်လျက် ရှိပါသည်။

## ရရှိ သင်ခန်းစာများ

နေရာရွေးချယ်ခြင်း- ယေဘုယျ အားဖြင့် သုံးသပ်လျင် စီမံကိန်းအနေဖြင့် အိမ်ထောင်စု ၁၅၀ -ကျော်သော ကျေးရွာများတွင် စီမံကိန်းအစပျိုးရာတွင် အခက်အခဲများပါသည်။ အလုပ်ရုံဆွေးနွေးပွဲများတွင်လည်း တက်ရောက်မှု နှုန်း နည်းလေ့ရှိပါသည်။ တက်ရောက်သူ နည်းသည့်အတွက် အပြုအမူ ပြောင်းလဲသူ နည်းနိုင်ပါသည်။ သို့သော်လည်း တက်ရောက်သူ နည်းခြင်း များခြင်းသည်သာ အောင်မြင်မှု၊ ဆုံးရှုံးမှုကို ဖြစ်စေသည့် အကြောင်းရင်း ဟုတ်ဟန်မတူပါ။ စီမံကိန်း၏ အကြီးဆုံးရွာတွင် အိမ်သာ ဆောက်လုပ်သုံးစွဲမှု အများဆုံးရရှိခဲ့သည့် သာဓက ရှိပါသည်။ အခြားပံ့ပိုး ပေးသည့် အချက်များ အဖြစ် တက်ကြွသော လူငယ်ကျေးရွာခေါင်းဆောင်များ ရှိခြင်း နှင့် တက်ကြွ သော ရပ်ရွာအဖွဲ့အစည်းများ ရှိခြင်းတို့ ဖြစ်ကြောင်း စီမံကိန်းမှ ရှာဖွေ သုံးသပ်နိုင်ခဲ့ပါသည်။

အချိန်ကိုက်ဖြစ်ခြင်း- စီမံကိန်းနှစ်သုတ်လုံး၏အကောင်အထည်ဖော်မှု ကာလ မှာ ၈-လတည်းသာ ဖြစ်ပါသည်။ သို့အတွက်ကြောင့် စည်းရုံး လှုံ့ဆော်မှု လုပ်ငန်းများထိရောက် အောင်မြင်မှုရှိကြောင်း သေချာအောင် ဆောင်ရွက် ရာတွင် အခက်အခဲများရှိပါသည်။ ထို့အတူ နည်းစနစ်များကို အသုံးတည့် အောင် ပြောင်းလဲရန် နှင့် နည်းလမ်းသစ်များ စမ်းသပ်ရန် အခွင့်အလမ်း နည်းပါးခဲ့ပါသည်။ စီမံကိန်းအဖွဲ့များသည် စီမံကိန်း သတ်မှတ်အချိန်ဇယား အတွင်း စည်းရုံးလှုံ့ဆော်ရေး ခရီးစဉ် အရေအတွက် နှင့် လုပ်ငန်း အကောင် အထည်ဖော်မှုဆိုင်ရာ စောင့်ကြည့် ထိန်းသိမ်းရေး ခရီးစဉ် အရေအတွက်များ ကိုက်ညီအောင် ဆောင်ရွက်ရေးတွင် စိတ်ပူပင်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုအကြောင်းကြောင့် အဖွဲ့များသည် အိမ်သာတည်ဆောက်ရေး ဆိုင်ရာ နည်းပညာများ သင်တန်းပေးရာတွင် အချိန်အနည်းငယ်သာ ပေးနိုင်ခဲ့သည့် အပြင် အပြုအမူ ပြောင်းလဲရေးကို တိုးပွား ခိုင်မာစေမည့် အတွေ့အကြုံ ဖလှယ်ရေး ခရီးစဉ်များ နှင့် အခြား လုပ်ဆောင်ချက် များကို စီစဉ်ရန် အချိန်အနည်းငယ်သာ ပေးနိုင်ခဲ့ပါသည်။ စီမံကိန်း ဒုတိယအသုတ် တွင် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းကို မိုးတွင်းကာလနီးမှသာ ဆောင်ရွက် နိုင်ခဲ့ပါသည်။ ထို့ကြောင့် အိမ်သာဆောက်ရန် ရည်ရွယ်ထားသော ရွာသား များသည့် မုတ်သုံဝင်ရောက်လာသဖြင့် အိမ်သာဆောက် လုပ်ခြင်းကို ဆိုင်းငံ့ ထားခဲ့ရပါသည်။ သို့အတွက်ကြောင့် စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းစဉ် တစ်ရပ်လုံးသည် အရှိန်အဟုန် နှေးကွေးခဲ့ရပါသည်။

စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းစဉ်- စီမံကိန်းဝန်ထမ်းအဖွဲ့ဝင်များ နှင့် ရွာသူရွာသားများ၏ အဆိုအရ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းစဉ်တွင် အထိရောက်ဆုံးသော နည်းစနစ်မှာ ရွာသူရွာသားများက သူတို့ရွာတွင် မစင်စွန့်သည့် အခြေအနေအမှန်ကို သဘောပေါက် နားလည်စေရန် ကူညီရှင်းပြသည့် ရွာသူရွာသားများ ပါဝင်လျက် တောထိုင် အညစ်အကြေး ( မစင် ) စွန့်သောနေရာများကို မြေပုံရေးဆွဲခြင်း နှင့် အဓိက အရေးပါသော အရာမှာ မစင်အညစ်အကြေးများ အစားအစာသို့ ရောက်ရှိလာပုံကို လက်တွေ့ပြသခြင်း အစီအစဉ်တို့ဖြစ်ပါသည်။ စီမံကိန်း ဒုတိယအသုတ်တွင် အိုင်အာစီ ဝန်ထမ်းအဖွဲ့သည် စနစ်တကျ ပြင်ဆင်ထားသော စောင့်ကြည့် ထိန်းသိမ်းခြင်း နည်းလမ်းအစုံများကို သုံးလျက် စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းစဉ်များအတွင်း အရည်အသွေး ထိန်းသိမ်းခြင်း နှင့် ပြန်လည် သုံးသပ်ခြင်း များကို ဆောင်ရွက်နိုင်ခဲ့ပါသည်။



**ရသေ့တောင်မြို့နယ်ရှိ စီမံကိန်းဧရိယာတွင် ကျေးရွာသားများကိုယ်တိုင် ပြုလုပ် အသုံးပြုနေသော မိသားစုသုံး ကွန်ကရစ်အိမ်သာတွင်း**

အိမ်သာဆောက်လုပ်ခြင်း-

စီမံကိန်းဒေသ အားလုံးမှ ရွာသူရွာသားများသည် ကျင်းလွှဲ ကွန်ကရစ်ကျင်း အိမ်သာများသည်သာ ၎င်းတို့၏ဒေသအခြေအနေ နှင့် အသင့်တော်ဆုံး ဖြစ် ကြောင်း တညီတညွတ်တည်း လက်ခံ ဆုံးဖြတ်ကြပါသည်။ အဘယ်ကြောင့် ဆိုသော် ဝါးထရံရိုင်းပတ် ခံသည့် မြေကျင်းအိမ်သာ များသည် ရေလွှမ်းမိုးမှု၊ ဆိုင်ကလုန်း တိုက်ခတ်မှု နှင့် မြေကြွက်များ၏ ဖျက်ဆီးမှုကြောင့် ပြိုကျ

[7] Proportion of villages that are declared ODF
[8] "Second Review of Community-Led Total Sanitation in the East Asia and Pacific Region."

ပျက်စီးလေ့ရှိသော ကြောင့် ဖြစ်ပါသည်။ ရွာသူရွာသားများ နှင့် ဝန်ထမ်း အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်အတွင်း အရည်အသွေး ညံ့ဖျင်း၊ တည်ဆောက်ရလွယ်ကူ လျင်မြန်သော အိမ်သာများကို ပွဲဦးထွက် အဖြစ်သုံးစွဲပါက (အခြားအခြေအနေများတွင် အိမ်သာစနစ်ကို အလွယ်ကူဆုံးနှင့် အမြန်နိုင်ဆုံး တိုးတက်ပြောင်းလဲနိုင်သော ပထမ ခြေလှမ်း အဖြစ် အသုံးပြုနိုင်သည်)[9] ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို ထောက်ပြကြပါသည်။ ရခိုင်ဒေသ၏ ကြမ်းတမ်းပြင်းထန်သော သဘာဝ အခြေအနေတွင် အဆိုပါအရည်အသွေးညံ့ဖျင်းသော အိမ်သာများသည် အလျင်အမြန် ပျက်စီးယိုယွင်းပြီး မသန့်ရှင်းသော ညစ်ပတ်သောအခြေအနေ ဖြစ်လာမည် ဖြစ်ပေသည်။ ဤသို့ ဖြစ်သွားပါက အင်အားစိုက်ထုတ် ဆောင်ရွက်ထားသော အိမ်သာသုံးစွဲရေးစည်းရုံးလှုံ့ဆော်မှု လုပ်ငန်းစဉ်သည် အလဟဿ ဖြစ်သွားပြီး လူထု၏ အိမ်သာအပေါ် ယခင်ကအတိုင်း မကောင်းမြင်မှုများ ပြန်လည်ပေါ်ပေါက်လာကာ တောထိုင် အညစ်အကြေး စွန့်သည့်ဘဝ ပြန်ရောက်သွားမည်ဖြစ်ပါသည်။ အိမ်ယာဝင်းခြံ ကျဉ်းမြောင်း သော ရပ်ရွာများတွင် ပွဲဦးထွက် အိမ်သာပျက်သွားပါက နောက်ထပ် အိမ်သာအသစ်ဆောက်ရန် နေရာ အခက်အခဲ ရှိကြပါသည်။

ရခိုင်ပြည်နယ်ရှိ ကျေးရွာပေါင်း များစွာတို့တွင် မိသားစု/အိမ်သုံး အိမ်သာ အမျိုးအစားများနှင့် ပတ်သက်သော နည်းပညာ ဗဟုသတများကို လုံးဝနီးပါး မသိရှိ ကြသောကြောင့် ကျေးရွာသားများ၏ အပြောအရ နည်းပညာ လွှဲပြောင်းပေးခြင်းသည် အရေးကြီးကြောင်း ဖော်ပြနေပါသည်။ အိမ်သာသုံးသူရော မသုံးသူရော အားလုံးက သိရှိထားသော အိမ်သာ ကုန်ကျစရိတ် နှင့် သူတို့ ဆောက်လိုသော အိမ်သာပုံစံကို တည်ဆောက်ရန် အခက်အခဲတို့သည် စီမံကိန်းစတင်ပြီးနောက် အိမ်သာဆောက်ရန် အဓိက အတားအဆီးဖြစ်ကြောင်း တင်ပြကြပါသည်။ ကွန်ကရစ် အိမ်သာကျင်း စနစ်ဖြင့် အိမ်သာဆောက်လိုသော ကျေးရွာများတွင် ဆောက်လုပ်ရေး နည်းစနစ်များကို အိုင်အာစီ အဖွဲ့ဝင်များနှင့်ဆွေးနွေးရန် သို့မဟုတ် အတွေ့အကြုံဖလှယ်ရေး ခရီးစဉ်ဖြင့် မိမိဒေသနှင့် အသင့်တော်ဆုံး အိမ်သာတည်ဆောက်ရေးပုံစံကို လေ့လာရခြင်းသည်လည်း အဓိကအချက် တစ်ခုဖြစ်ကြောင်း ယူဆကြပါသည်။ ထို့အပြင် ကျေးရွာ လူထုသည် လိုအပ်သော ပစ္စည်းများကို မိမိဒေသတွင်မည်သို့ဝယ်ယူ စုဆောင်းရမည်၊ ယခင်ကခက်ခဲသည်ဟုထင်မြင်ထားသော အိမ်သာပုံစံများ ကို အလွယ်တကူ မည်သို့တည်ဆောက်ရမည်ကို သိရှိလာသည်၊ ဆောက်လုပ်ရေး လုပ်ငန်း အဆင့်ဆင့်အတွက် ကုန်ကျစရိတ်များကို ခွဲခြားတွက်တတ်လာသည် စသည့် အကျိုးကျေးဇူးများ ရရှိကြပါသည်။

ရွာသူရွာသားများ၏ ပြောကြားချက်အရ ၎င်းတို့ တည်ဆောက်လိုသော အိမ်သာ အမျိုးအစားသည် အသေးစိတ် ပုံစံအပေါ်မူတည်လျက် ကျပ် ငါးသောင်းမှ ကျပ်တစ်သိန်းအတွင်း ကုန်ကျမည် ဖြစ်ကြောင်း နှင့် ထိုငွေပမာဏသည် ကြီးမားသော အရင်းအနှီးတစ်ရပ်ဖြစ်ပြီး သာမန် မိသားစု တစ်ခု၏ ပျမ်းမျှတစ်လဝင်ငွေထက် များနေပါသည်။ သို့အတွက်ကြောင့် ကျေးရွာအများအပြားတွင် အိမ်သာတည်ဆောက် ပြီးစီးမှုနှုန်း နှေးကွေး နေခြင်း ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သော လူအများက သူတို့သည် အိမ်သာဆောက်ရန် ဆုံးဖြတ်ထားကြောင်း နှင့် ငွေစုနေဆဲဖြစ်ကြောင်း ပြောကြပါသည်။

ထူးခြားထင်ရှားဆုံးသော ပြောင်းလဲမှု - အိမ်သာတည်ဆောက် ပြီးစီးမှုနှုန်း နှေးကွေးနေသော်လည်း ရွာသူရွာသားများ နှင့် ဝန်ထမ်းအဖွဲ့ဝင်များသည် တောထိုင်အညစ်အကြေး( မစင် ) စွန့်ခြင်း နှင့် ဖျားနာမှု ဆက်စပ်နေ ကြောင်း ပိုမို သိရှိနားလည်လာရေးသည် အရေးအကြီးဆုံးနှင့် စီမံကိန်း၏ ရေရှည် အကျိုးရလဒ် ဖြစ်ကြောင်း ခံစားသိရှိကြပါသည်။ အထူးသဖြင့် ရွာသူရွာသားများက အိမ်သာသုံးစွဲရေး စည်းရုံးလှုံ့ဆော်မှုများကြောင့် သူတို့သည် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ပိုမိုသိရှိနားလည်လာကြောင်း ပြောကြ ပါသည်။ အပြင်တွင် တောထိုင် မစင်စွန့် ခြင်းများ ကင်းစင် (ODF) အဆင့် အောင်မြင်မှု မရရှိခဲ့သော ကျေးရွာများတွင်ပင် ရွာသူရွာသားများက ယခုအခါ သူတို့အနေဖြင့် ရေကန်၊မြစ်ချောင်း နှင့် သူတို့ခြံဝင်းအတွင်းရှိ မစင်များကို သတိထားမိ လာကြောင်း ဖော်ပြကြပါသည်။ သူတို့က ဤအခြေအနေကို စီမံကိန်း မစတင်မီ အခြေအနေ နှင့် နှိုင်းယှဉ် ဖော်ပြကြပါသည်။ ထိုစဉ်က သူတို့သည် ထိုအခြေအနေကို ပြဿနာအဖြစ် မရှုမြင်ကြပါ။ တောထိုင် မစင်စွန့်ခြင်း အလေ့အထ အမြစ်တွယ်နေသော နေရာဒေသများတွင် ဤသို့ အတွေးအမြင် ပြောင်းလဲမှုသည် အရေးပါသော အဆင့်တစ်ရပ် ဖြစ်ပါသည်။

ကမ္ဘာ့အနှံ့ ကျေးရွာလူထု ဦးဆောင်သော ရပ်ရွာလုံးကျွတ် အိမ်သာသုံးစွဲရေး လုပ်ငန်း အတွေ့အကြုံများ အရ အိမ်သာအများအပြား ဆောက်လုပ်သော ဒေသများမှ လူထုသည် ရပ်ရွာအခြေပြု စီမံကိန်းများတွင် ပါဝင်ရန် စိတ်အားထက်သန်လာခြင်း၊ ရပ်ရွာအရေးကိစ္စများတွင် တက်ကြွစွာ ပါဝင် လှုပ်ရှားလာခြင်း စသည့် စုပေါင်းဆောင်ရွက်သည့် စိတ်ဓါတ်ထွန်းကားလာ ကြောင်း ပြောကြားကြပါသည်။ အိမ်သာဆောက်လုပ်ရေး အတွက် ပစ္စည်းများ အတူစုဆောင်းခြင်း နှင့် အတွေ့အကြုံများ ဖလှယ်ရာမှ ရရှိလာ သော အကျိုးရလဒ်များ ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် အိမ်သာဆောက်လုပ်သုံးစွဲနေသော အိမ်ထောင်စုများသည် အိမ်သာဆောက်လုပ်လိုက်ခြင်းကြောင့် အမျိုးသမီးများနှင့် အခြားသူများ သည် တောထိုင်အညစ်အကြေးစွန့်ရာတွင် ကြုံတွေ့ရသော အဆင်မပြေမှု များ၊ မိမိခြံဝင်းအပြင်ထွက်ရန် မလိုတော့သဖြင့် လုံခြုံစိတ်ချမှု ခံစားရခြင်း စသည့် အကျိုး များကို ထုတ်ဖော်ပြောကြားလာကြပါသည်။

## အကြံပြုချက်များ

မိမိတို့အဖွဲ့ဝင်များ၏ အတွေ့အကြုံများ နှင့် စီမံကိန်းတွင် ပါဝင်သူများ၏ သက်သေခံချက်များကို အခြေခံလျက် ရပ်ရွာလူထု ဦးဆောင် ရပ်ရွာ လုံးကျွတ် အိမ်သာ သုံးစွဲရေး နည်းလမ်းအားဖြင့် ရခိုင်ပြည်နယ်အတွင်း ပြောင်းလဲမှုများ ဖော်ဆောင်နိုင်ရေးအတွက် အောင်ပါအဆင့်များကို အကြံပြု အပ်ပါသည်။-

- ရပ်ရွာလူထုဦးဆောင် ရပ်ရွာလုံးကျွတ် အိမ်သာအသုံးပြုရေး စီမံကိန်း ၏ စည်းရုံးလှုံ့ဆော်ရေး နည်းလမ်းများကို လက်ရှိ ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး လုပ်ငန်း နှင့် အာဟာရ ဖွံ့ဖြိုးရေး အစီအစဉ်များ နှင့် ပေါင်းစပ် ဆောင်ရွက်ရေး- ရခိုင်ပြည်နယ်တွင် ကျယ်ကျယ်ပြန့်ပြန့် အမြစ် တွယ်နေသည့် တောထိုင် အညစ်အကြေးစွန့်ခြင်း အလေ့အထကို အိမ်သာများ

[9] "Handbook on Community-Led Total Sanitation"

ဆောက်ပေးရုံ/ အိမ်သာဆောက်ရန် ပံ့ပိုးပေးရုံမျှဖြင့် လူထု၏ အပြုအမူ ပြောင်းလဲရေးကို အင်တိုက်အားတိုက် ရနိုင်မည် မဟုတ်ပါ။[10] စီမံကိန်း ရလဒ်များအရ ရပ်ရွာလူထုဦးဆောင် ရပ်ရွာလုံးကျွတ် အိမ်သာသုံးစွဲရေး စီမံကိန်း စည်းရုံးလှုံ့ဆော်ရေးနည်းလမ်းသည် အားကောင်းသည့် အပြုအမူပြောင်းလဲရေးဆိုင်ရာ ဆက်သွယ်မှု နည်းလမ်းအဖြစ်အလားအလာကောင်းတွေ့ရှိရသဖြင့် ပြည်နယ်အတွင်း လက်ရှိဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေး အစီအစဉ်များတွင် အောင်မြင်စွာထည့်သွင်း အသုံးပြုနိုင်ကြောင်း တွေ့ရပါသည်။

- စည်းရုံးလှုံ့ဆော်မှုကို အချိန်ကိုက် စတင်ရန်-ရပ်ရွာလူထု အနေဖြင့် တောထိုင် အညစ်အကြေးစွန့်ခြင်း လုံးဝပပျောက်ရေးအတွက် လုပ်ငန်း စီမံချက်များ အကောင်အထည်ဖော်နိုင်ရန် စည်းရုံးလှုံ့ဆော်ရေး ပွဲများ ကို မိုးတွင်းအကုန် နှင့် စပါးရိတ်သိမ်းပြီးနောက် ချက်ချင်းစတင်နိုင်ရန် စီမံဆောင်ရွက်သင့်ပါသည်။ သို့မှသာ ရပ်ရွာလူထုသည် ပစ္စည်း စုဆောင်းခြင်းနှင့် အိမ်သာဆောက်လုပ်ခြင်းကို မိုးမရွာမီ အချိန် ၅-လ၊ ၆-လခန့် အနောက်အယှက်ကင်းစွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဤသို့ဖြင့် အိမ်သာဆောက်လုပ်ခြင်း လုပ်ငန်းကို အရှိန်အဟုန် မပျက် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

- စည်းရုံးလှုံ့ဆော်မှု ပွဲဦးထွက်ဆောင်ရွက်ပြီးနောက် ရပ်ရွာလူထု နှင့် စဉ်ဆက်မပြတ် ပါဝင်ပတ်သက်ရေး - နောင်ဆက်လက်ဆောင်ရွက်မည့် ရပ်ရွာလူထုဦးဆောင် ရွာလုံးကျွတ်အိမ်သာ သုံးစွဲရေး နည်းလမ်းများတွင် ရပ်ရွာ၏ ရွာလုံးကျွတ်အိမ်သာတည်ဆောက်ရေးဆိုင်ရာ ရည်မှန်းချက် များ အောင်မြင်ရေးအတွက် အောက်ဖော်ပြပါ အခန်းကဏ္ဍများတွင် ပါဝင်ကူညီပေးရန်

  *ကျွမ်းကျင်မှု လွှဲပြောင်းပေးရေး - လူထုတွင် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုင်ရာ အတွေ့အကြုံများ မရှိကြောင်း လက်ခံလျက် သူတို့၏ ပတ်ဝန်းကျင် နှင့် သင့်တော်သော အိမ်သာများ ဆောက်လုပ်နိုင်ရေအတွက် လိုအပ်သော နည်းပညာများ ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်မှု ဆိုင်ရာ သင်တန်းများပေးခြင်းသည် အထူးအရေးကြီးပါသည်။*

  *အတွေ့အကြုံနှင့် အသိအမြင် ဖလှယ်ရေး အလည်အပတ် ခရီးစဉ်များ- စီမံကိန်း အတွေ့အကြုံအရ လူထု၏ အိမ်သာဆောက်ရန် အယုံအကြည် ကင်းမဲ့မှု ကို ကျော်လွှားနိုင်ရန် အတွက် သန့်ရှင်းသော အိမ်သာစနစ်ကို ကနဦး ကတည်းက လက်ခံသုံးစွဲသူများ နှင့် တွေ့ကြုံ ဆက်သွယ်မိရန် လိုအပ်ပါသည်။ အဆိုပါဒေသခံ ကနဦး အိမ်သာ သုံးစွဲသူများကသာ အိမ်နီးချင်းများကို အိမ်သာဆောက်ရန် တတ်နိုင် စွမ်းကြောင်း လက်တွေ့ပြသကာ တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်များကို လက်တွေ့လိုက်နာကျင့်သုံးရန် ဆွဲဆောင်နိုင် မည်ဖြစ်ပါသည်။ ပထမအသုတ်စီမံကိန်းကာလတွင် တက်တက်ကြွကြွ အကောင်အထည်ဖော် လုပ်ဆောင်သော ကျေးရွာများကို ရွေးထုတ်လျက် အိမ်နီးချင်း ကျေးရွာများ၏ တိုးတက်မှုကို ကူညီ အရှိန် မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။*

- ပိုမိုအချိန်ပေး၍ ပြင်လွယ်ပြောင်းလွယ်သော ရပ်ရွာလူထု ဦးဆောင် ရွာလုံးကျွတ် အိမ်သာ သုံးစွဲရေး အစီအစဉ်များ ဆောင်ရွက်ရေး - ဝန်ထမ်းအဖွဲ့များအနေဖြင့် ရပ်ရွာလူထုနှင့် အချိန်ကြာကြာ ထိတွေ့ ဆောင်ရွက်ရန်၊ နည်းလမ်းအသစ်များ စမ်းသပ်ဆောင်ရွက်နိုင်ရန်၊ ရာသီဥတု ဆိုးဝါးခြင်း ကဲ့သို့သော အတားအဆီးအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စီမံကိန်းကာလကို ၁၈-လ သတ်မှတ် ဆောင်ရွက်သင့်ပါသည်။ ဤကာလအတွင် စည်းရုံးလှုံ့ဆော်ခြင်းကို နှစ်သုတ်ခွဲလျက် ဒုတိယအသုတ်ကို ပထမအသုတ်မှ အတွေ့အကြုံ အပေါ်မူတည်၍ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

- ပစ္စည်းများရောင်းချပေးခြင်း နှင့် ကုန်ကျစရိတ်များ မျှဝေကျခံပေးခြင်း- ရခိုင်ဒေသနေပြည်သူများ၏ ဆင်းရဲမှု နှင့် အရည်အသွေးညံ့ဖျင်းသော အိမ်သာများကို ပွဲဦးထွက် အနေဖြင့် အသုံးပြုမိခြင်း အန္တရာယ်ကို ရှောင်ရှားရန်အတွက် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍဆောင်ရွက်သူများသည် ပတ်ဝန်းကျင် နှင့် သင့်လျော်သည့် အိမ်သာများ ဆောက်လုပ်နိုင်ရန် မည်သို့ကူညီ နိုင်ကြောင်း စဉ်းစားသင့်ပါသည်။

  *အဓိကကျသော ပစ္စည်းများအား စရိတ်မျှခံပေးခြင်း- အိမ်သာ တည်ဆောက်ရေး ပစ္စည်း ရောင်းချသည့် ဆိုင်များ မရှိ / နည်းပါးသည့် အပြင် မြို့မှ ကျေးရွာသို့ သယ်ယူပို့ဆောင်ရေး မှာလည်း ခက်ခဲသော နေရာများတွင် ဘိလပ်မြေ၊ ကွန်ကရစ် ပုံစံခွက် စသော ပစ္စည်းများ အား စရိတ်သက်သာအောင် မျှခံပေးသင့်ပါသည်။ လိုအပ်သော ပစ္စည်းများကို ဒေသထွက် ပစ္စည်းများဖြင့် အသုံးပြုနိုင်အောင်လည်း အားပေးသင့်ပါသည်။*

  *ဆင်းရဲသော အိမ်ထောင်စုများအား စရိတ်မျှခံပေးခြင်း- ဆင်းရဲသော အိမ်ထောင်စုများအတွက် ရပ်ရွာအခြေပြု စရိတ်မျှပေးရေး စီမံချက်များ ရေးဆွဲဆောင်ရွက်သင့်ပါသည်။*

  *အိမ်သာတည်ဆောက်ရေး ပစ္စည်းများအတွက် ငွေကြေး စီမံခန့်ခွဲမှု နည်းလမ်းများ ရှာဖွေခြင်း- စီမံကိန်း ဦးဆောင်သူများသည် အိမ်သာ တည်ဆောက်ရေး အတွက် အဓိက ကုန်ကျစရိတ်များကို ရွာသားများ လက်လှမ်းမှီသည့် အတိုင်းအတာ အတွင်း ကျရောက်လာစေရန် နည်းလမ်းများ ရှာပေးရပါမည်။ ပစ္စည်း ဝယ်ယူရေး အတွက် အချိန် ကာလအလိုက် လိုအပ်မည့်စာရင်း နှင့် ကုန်ကျစရိတ်များ တွက်ချက်ခြင်း၊ စည်းရုံးလှုံ့ဆော် လုပ်ငန်းစဉ်များ နှင့် ငွေရေးကြေးရေး စီမံချက်ကို ပေါင်းစည်း ရေးဆွဲ ထားရန် လိုအပ်ပါသည်။ ငွေစုဆောင်းရေး အစီအစဉ်များ။ ငွေထုတ်ချေးရေး အစီအစဉ်များ ကြိုတင် ချိတ်ဆက် ထားသင့်ပါသည်။ ဆောက်လုပ်ရေး ပစ္စည်းရောင်းချသူများနှင့် ချိတ်ဆက်လျက် အတိုးအနည်းငယ်ဖြင့် အကြွေးစနစ် အရစ်ကျစနစ်ဖြင့် ရောင်းချပေးရေး၊ ကျေးရွာအများ စုပေါင်းလျက် လက်ကားဈေးဖြင့် ဝယ်ယူလျက် စုပေါင်း သယ်ယူခြင်း စသည်တို့ ဖြစ်ပါသည်။*

[10] For evidence of poor latrine uptake in full subsidy programmes in Rakhine, see for example "Tat Lan Sustainable Food Security and Livelihoods Program: 2015 Outcome Monitoring and Programme Quality Assessment"(CARE International: Yangon, 2014).



- ဆက်လက် ဆောင်ရွက်သင့်သည့် သုတေသနလုပ်ငန်းများ- ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး လုပ်ငန်း၊ အာဟာရ ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် အသက်မွေးလုပ်ငန်း အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် ကျေးရွာလူထု ဦးဆောင် ရွာလုံးကျွတ် အိမ်သာ သုံးစွဲရေး အစီအစဉ်များ ဆောင်ရွက်ရာတွင် အိမ်သာများ စဉ်ဆက်မပြတ် သုံးစွဲရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု လျော့ကျရေး၊ အာဟာရ ချို့တဲ့မှုနှုန်းလျော့ကျရေး စသည် ရေရှည်ရလဒ်များ ရရှိနိုင်မည့် နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သုတေသန ပြုလုပ်သင့်ပါသည်။

အိုင်အာစီ၏ ရခိုင်ပြည်နယ်အတွင်း အတွေ့အကြုံများအရ ကျေးရွာလူထု ဦးဆောင် ရွာလုံးကျွတ် အိမ်သာ သုံးစွဲရေး အစီအစဉ်သည် လူထု၏ တောထိုင် အညစ်အကြေးစွန့်ခြင်း ဆိုင်ရာ အတွေးအမြင် အယူအဆများကို ပြောင်းလဲရေးအတွက် အလားအလာကောင်းသည့် ပထမအဆင့် ဖြစ်ကြောင်းတွေ့ရပါသည်။ သို့သော်လည်း ကြာရှည် အပြုအမူ ပြောင်းလဲရေးကို ဖော်ဆောင်ရန် အတွက် တတ်နိုင်သည့် အတိုင်းအတာ အတွင်းရှိ ရေရှည်ခံမည့် အိမ်သာများ တည်ဆောက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများကို ကူညီဖြေရှင်းပေးရန် လိုအပ်မည် ဖြစ်ပါသည်။

**International Rescue Committee**
No. 69/54(B4), Oak Tha Phayar Street, Kyaikkasan Quarter, Bahan Township, Yangon, Myanmar

75 YEARS FROM HARM TO HOME